တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က
မိန့်တော်မူသည်မှာ - အကယ်၍ အသင်မ (
ဤရောဂါခံစားရမှုအပေါ်မှာ) သည်းခံဖို့
ဆန္ဒရှိတယ်ဆိုရင် အသင်မအဖို့ (အာခိရသ်မှာ)ဂျန္နသ်
ရရှိမှာဖြစ်တယ်။ အကယ်၍ အသင်မ ဆန္ဒရှိတယ်ဆိုရင်
ငါကိုယ်တော် အသင်မအတွက် အလ္လာဟ်အရှင်မြတ်ထံ
တော်ပါးမှာ (အရှင်မြတ်က အသင်မရဲ့ရောဂါကို)
ပျောက်ကင်းမှုပေးဖို့ ဒုအာပြုပေးတော်မူမယ်
အိဗ်နုအဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟုမာ) က ဆင့်ပြန်ခဲ့သည်။ ၎င်းက(မိမိရဲ့တပည့်)
အသွာအ် ဗင်န် အဗီရဘာဟ်ကို ကျွန်ုပ် အသင့်အား ဂျန္နသီများအနက်မှ
အမျိုးသမီးတစ်ဦးကို မပြရဘူးလားဟု မေးရာ၊ ၎င်း(အသွာအ် ဗင်န် အဗီရဘာဟ်)က အဘယ်
ကြောင့်မပြရမည်နည်း၊ ပြပါဟု ဖြေကြားခဲ့၏။ ထိုအခါ ၎င်း(အိဗ်နေ အဗ္ဗားစ်) က
ပြောကြားသည်မှာ- ဒီအသားမည်းတယ့် အမျိုးသမီးက တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ
ဝစလ္လမ်)ထံသို့ လာရောက်ပြီး ဤသို့ လျှောက်ထားတယ်။ ကျွန်မဟာ တက်(ဝက်ရူးပြန်)တယ့်
ရောဂါကြောင့် လဲကျသွားရင် ကျွန်မရဲ့ (အရှက်အင်္ဂါအစိတ်အပိုင်းများ)
ပေါ်သွားပါတယ်။ ထို့ကြောင့် ကိုယ်တော့်အနေနဲ့ အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှာ
ကျွန်မအတွက် (ထိုရောဂါမှ ပျောက်ကင်းစေဖို့)
ဒုအာပြလုပ်ပေးတော်မူပါ။တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က
မိန့်တော်မူသည်မှာ - အကယ်၍ အသင်မ (ဤရောဂါခံစားရမှုအပေါ်မှာ) သည်းခံဖို့
ဆန္ဒရှိတယ်ဆိုရင် အသင်မအဖို့ (အာခိရသ်မှာ)ဂျန္နသ် ရရှိမှာဖြစ်တယ်။ အကယ်၍ အသင်မ
ဆန္ဒရှိတယ်ဆိုရင် ငါကိုယ်တော် အသင်မအတွက် အလ္လာဟ်အရှင်မြတ်ထံ တော်ပါးမှာ (
အရှင်မြတ်က အသင်မရဲ့ရောဂါကို) ပျောက်ကင်းမှုပေးဖို့
ဒုအာပြုပေးတော်မူမယ်။ထိုအခါ သူမက ကျွန်မသည်းခံပါမယ်။ ဒါပေမယ့် (
ထိုရောဂါခံစားရတယ့်အခါမှာ) ကျွန်မရဲ့ (အရှက်အင်္ဂါအစိတ်အပိုင်းများ)
ပေါ်သွားပါတယ်။ ကျွန်မရဲ့ (အရှက်အင်္ဂါအစိတ်အပိုင်းများကိုသာ) မပေါ်အောင်
ကိုယ်တော် အလ္လာဟ်အရှင်မြတ်ထံ ဒုအာပြုပေးတော်မူပါဟု လျှောက်ထားရာ၊ တမန်တော်မြတ်
(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က သူမအတွက် ဒုအာပြုပေးတော်မူခဲ့တယ်။
[صحيح] [متفق عليه]
အိဗ်နု အဗ္ဗားစ်သခင်က (မိမိရဲ့တပည့်) အသွာအ် ဗင်န် အဗီရဘာဟ်ကို ကျွန်ုပ် အသင့်အား
ဂျန္နသီများအနက်မှ အမျိုးသမီးတစ်ဦးကို မပြရဘူးလားဟု မေးရာ၊ အသွာအ် ဗင်န် အဗီရဘာဟ်က
အဘယ် ကြောင့်မပြရမည်နည်း၊ ပြပါဟု ဖြေကြားခဲ့၏။ ထိုအခါ ၎င်း(အိဗ်နေ အဗ္ဗားစ်) က
ပြောကြားသည်မှာ- ဒီအသားမည်းတယ့် အမျိုးသမီးက တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ
ဝစလ္လမ်)ထံသို့ လာရောက်ပြီး ဤသို့ လျှောက်ထားတယ်။ ကျွန်မမှာ တက်(ဝက်ရူးပြန်)တယ့်

ရောဂါရှိတယ်။ ထိုရောဂါခံစားရသည့်အခါ (လဲကျသွားသည့်အတွက်)ကျွန်မရဲ့ခန္ဓာကိုယ်မှ
(အရှက်အင်္ဂါအစိတ်အပိုင်းအချို့) မှာ ပေါ်သွားပါတယ်။ ထိုသို့ဖြစ်ချိန်၌ ကျွန်မတွင်
အသိတရားရှိမ‌နေပါ။ ထို့ကြောင့် ကိုယ်တော့်အနေနဲ့ အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှာ
ကျွန်မအတွက် (ထိုရောဂါမှ ပျောက်ကင်းစေဖို့) ဒုအာပြလုပ်ပေးတော်မူပါ။ တမန်တော်မြတ် (
ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိန့်တော်မူသည်မှာ - အကယ်၍ အသင်မ (
ဤရောဂါခံစားရမှုအပေါ်မှာ) သည်းခံဖို့ ဆန္ဒရှိတယ်ဆိုရင် အသင်မအဖို့ (အာခိရသ်မှာ
)ဂျန္နသ် ရရှိမှာဖြစ်တယ်။ အကယ်၍ အသင်မ ဆန္ဒရှိတယ်ဆိုရင် ငါကိုယ်တော် အသင်မအတွက်
အလ္လာဟ်အရှင်မြတ်ထံ တော်ပါးမှာ (အရှင်မြတ်က အသင်မရဲ့ရောဂါကို) ပျောက်ကင်းမှုပေးဖို့
ဒုအာပြုပေးတော်မူမယ်။ သူမက ကျွန်မသည်းခံပ့မယ်ဟု လျှောက်ထားခဲ့၏။ သူမက ဒါဆို
ကျွန်မသည်းခံပ့မယ်ဟု လျှောက်ထားခဲ့၏။ ထို့နောက်သူမက (ထိုရောဂါခံစားရတယ့်အခါမှာ)
ကျွန်မရဲ့ (အရှက်အင်္ဂါအစိတ်အပိုင်းများ) မပေါ်အောင် ကိုယ်တော် အလ္လာဟ်အရှင်မြတ်ထံ
ဒုအာပြုပေးတော်မူပါဟု လျှောက်ထားရာ၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က
သူမအတွက် ဒုအာပြုပေးတော်မူခဲ့တယ်။
https://sunnah.global/hadeeth/my/show/3160